# ECI ဝန်ဆောင်မှုအဆင့်ဆင့်



စောစီးစွာ
ဆန်းစစ်ရှာဖွေဖော်ထုတ်ခြင်း
နှင့် စောင့်ကြည့်ခြင်း



သုံးသပ်အကဲဖြတ်၍
ဝန်ဆောင်မှုရရှိရန်
အတည်ပြုခြင်း




ကလေးနှင့်မိသားစုကို
အိမ်တိုင်ရာရောက်
ဝန်ဆောင်မှုပေးခြင်း



အားလုံးအကျုံးဝင်
ပညာရေးသို့
ကူးပြောင်းနိုင်ရန်
ပြင်ဆင်ပေးခြင်း




လိုအပ်ပါက
ကျန်းမာရေးဌာနနှင့်
အထူးပညာရေးကျောင်း
များသို့ ညွှန်းပို့ပေးခြင်း




**ကလေးတိုင်း၏ဖွံ့ဖြိုးတိုးတက်မှုအတွက်**
**ကဏ္ဍပေါင်းစုံပူးပေါင်းပါဝင်မှုသည်အရေးပါသည်။**

---

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး
ဝန်ကြီးဌာန၏ ဦးဆောင်မှုဖြင့် UNICEF(Myanmar) နှင့်
The Leprosy Mission Myanmar တို့ ပူးပေါင်းဆောင်ရွက်သည့်
ရှေးဦးအရွယ်ကလေးသူငယ်ဖွံ့ဖြိုးရေးအခြေအနေ
တိုင်းတာစစ်ဆေးမှုနှင့် ပြန်လည်ထူထောင်ရေးစနစ်
ဖော်ဆောင်ရေး စီမံကိန်းမှ ထုတ်ဝေသည်။

---

# EARLY CHILDHOOD INTERVENTION


# ECI

## ရှေးဦးအရွယ်ကလေးသူငယ်ဖွံ့ဖြိုးရေးအခြေအနေ တိုင်းတာစစ်ဆေးမှုနှင့် ပြန်လည်ထူထောင်ရေး ဝန်ဆောင်မှု

### ECIဆိုသည်မှာ-

အပြုအမူပိုင်းဆိုင်ရာ၊ စိတ်ခံစားမှုပိုင်းဆိုင်ရာပြဿနာရှိသော၊ သို့မဟုတ် မသန်စွမ်းခြင်း၊ ဖွံ့ဖြိုးမှုဧရိယာများ၌ တိုးတက်မှုနှေးကွေးခြင်းတို့ကို ခံစားရနိုင်ခြေရှိသော မွေးစမှ အသက် ၅ နှစ်အထိ ကလေးသူငယ်များ၏မိသားစုများအတွက် ဝန်ဆောင်မှုများပေးသည့် ပညာရပ်နယ်ပယ်မျိုးစုံနှင့်သက်ဆိုင်သော၊ ကဏ္ဍပေါင်းစုံပါဝင်သော၊ ဘက်စုံပေါင်းစည်းညှိနှိုင်းဆောင်ရွက်သောစနစ်တစ်ခု ဖြစ်ပါသည်။

## ECI ၏ အနာဂတ်မျှော်မှန်းချက်




အရည်အသွေးမြင့်မားသည့်
ECI ဝန်ဆောင်မှုများကိုရရှိရမည်။

- ECI သည် နိုင်ငံတိုင်း၏ စဉ်ဆက်မပြတ် ကလေးပြုစုစောင့်ရှောက်ရေးအတွက် မရှိမဖြစ် အစိတ်အပိုင်း ဖြစ်သည်။
- ECI သည် ကလေးဗဟိုပြု မိသားစုအလေး ထားသော ဝန်ဆောင်မှုများကို ပေးသည်။
- ECI သည် ကုန်ကျစရိတ် နည်းပါးသည်။
- ECI သည် ကလေး၏အားသာချက်များကို အခြေခံပြီး မိဘက နေအိမ်တွင် လုပ်ဆောင် ပေးနိုင်အောင် အထောက်အကူ ပေးသည်။

# The Earlier The Better
# ECI ကိုအစောဆုံးစတင်ကြပါစို့

> “ ECI ဝန်ဆောင်မှုများကို
> စောစောရရှိပါက
> ဖွံ့ဖြိုးမှုနှောင့်နှေးသောကလေးများ၏
> ၇၀ ရာခိုင်နှုန်း ကျော်ခန့်သည်
> အသက် ၃ နှစ် အရွယ်တွင်
> ပုံမှန်ဖွံ့ဖြိုးမှုအဆင့်နီးပါး
> ပြန်ရောက်နိုင်သည်။ ”

